**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၁၀ /၂၀၁၃ )**

ရက်စွဲ ၊၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်

အကြောင်းအရာ။ **မော်တော်ကားတာယာများအား သွင်းကုန်လိုင်စင်ပြန်လည်လျှောက်ထားရန်ကိစ္စ**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၃) နှင့် အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၃) တို့ဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ အစိုးရဝန်ကြီးဌာနများအား ပို့ကုန်ပစ္စည်း (၁၅၂)မျိုး၊ သွင်းကုန်ပစ္စည်း (၁၆၆)မျိုးတို့အား ပို့ကုန်/သွင်းကုန်လိုင်စင်လျှောက်ထားရယူရန်မလိုကြောင်း ပစ္စည်းအမည်များဖြင့် ထုတ်ပြန်ခဲ့ပြီး၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူရှင်းလင်းစွာ ဆောင်ရွက်နိုင်ရန်အတွက် သွင်းကုန်ပစ္စည်း (၁၆၆) မျိုးအပေါ် H.S Code အနေဖြင့်ခွဲခြား၍ လိုင်းပေါင်း (၁၉၂၈) လိုင်းကို အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၃)ဖြင့် (၉-၉-၂၀၁၃) ရက်နေ့တွင် ထပ်မံအသိပေးထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါ အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၃) တွင် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့သည့်နေ့မှစ၍ ရက်ပေါင်း (၉၀) ပြည့်မြောက်ပြီးပါက သွင်းကုန်လိုင်စင် ရယူရန်မလိုသော H.S Code 40111000 နှင့် 40112010 ဖြင့် ခွင့်ပြုလျက်ရှိသော မော်တော်ကားတာယာများအား သွင်းကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ဖော်ပြပါရှိပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါရက်ပေါင်း (၉၀) ပြည့်မြောက်သည့် (၇-၁၂-၂၀၁၃) ရက်နေ့နောက်ပိုင်းမှစ၍ မော်တော်ကားတာယာများအား သွင်းကုန်လိုင်စင် ပြန်လည်လျှောက်ထားရမည်ဖြစ်ပါကြောင်းနှင့် ယခင် သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုသည့် H.S Code လိုင်းပေါင်း (၁၉၂၈) လိုင်းအစား (၁၉၂၆) လိုင်းဖြင့်သာ ဆောင်ရွက်သွားရန် အသိပေးကြေငြာအပ်ပါသည်။

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**